Daiichi Life

Daiichi
LifeCARE



## ဘဝရဲ့အခိုက်အတန့်တိုင်းအတွက်
## ငွေကြေးအကာအကွယ်ထားရှိပြီး
# ဘဝကို စိတ်ကြိုက်ပုံဖော်လိုက်ပါ...

**Daiichi LifeCARE** အသက်အာမခံသည် သင်နှင့်သင်ချစ်ရသူများ၏ ဘဝတစ်သက်တာလုံး စိတ်အေးချမ်းသာမှုရရှိစေရန် ငွေကြေးကာကွယ်မှုအပြင် ငွေကြေးတိုးပွားမှုပါ ရရှိစေခြင်းကြောင့် ပိုမိုစိတ်ချလုံခြုံပြီး သာယာသောအနာဂတ်တစ်ခုကို ဖန်တီးပေးနိုင်မှာဖြစ်ပါသည်။

## Daiichi LifeCARE အကာအကွယ်ကို ရွေးချယ်သင့်သည့်အဓိကအချက်များ

- စိတ်ကြိုက်အကာအကွယ်ကို ရွေးချယ်ဝယ်ယူနိုင်ခြင်း
- ရင်းနှီးမြှုပ်နှံမှုမှ ငွေကြေးတိုးပွားခြင်းနှင့် ငွေကြေးစုဆောင်းခြင်း
- ဘဝတစ်သက်တာ စိတ်အေးချမ်းသာခြင်း

## Daiichi LifeCARE မှ ခံစားခွင့်များ

- **ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ် ပြန်လည်ရရှိနိုင်ပြီး ပေါ်လစီရန်ပုံငွေအား အလွယ်တကူ စီမံနိုင်ခြင်း**
  ရင်းနှီးမြှုပ်နှံမှု စွမ်းဆောင်ရည်အပေါ် မူတည်၍ ပြန်လည်ရရှိနိုင်မည့် အတိုးနှုန်း သို့မဟုတ် ပေါ်လစီမှ အာမခံပေးသော အတိုးနှုန်း နှစ်ခုအနက်မှ ပိုမြင့်သောနှုန်းဖြင့် ပေါ်လစီငွေကြေးတန်ဖိုး Policy Account Value (PAV) အပေါ်တွင် အတိုးရရှိပါမည်။ ထို Policy Account Value (PAV) ပမာဏ တိုးပွားလာသည့်အခါ အာမခံဝယ်ယူသူသည် Policy Account Value (PAV) မှ ပမာဏအချို့ကို ထုတ်ယူခြင်း သို့မဟုတ် ပေါ်လစီချေးငွေ ထုတ်ယူခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။
- **မိမိစိတ်ကြိုက်အကာအကွယ်ကို ရွေးချယ်ဝယ်ယူနိုင်ခြင်း**
  **Daiichi LifeCARE** အခြေခံပေါ်လစီတွင် အခြားအကာအကွယ်အမျိုးမျိုးကို ထပ်တိုးရရှိနိုင်ပါသည်။ ထပ်တိုးရရှိနိုင်သော အကာအကွယ်အမျိုးမျိုးမှာ မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု/ ထာဝစဉ် မသန်စွမ်းဖြစ်မှု၊ ပြင်းထန်သောရောဂါဖြစ်မှု၊ ဆေးရုံတက်ရောက်မှုတို့အတွက် ထပ်တိုးအကျိုးခံစားခွင့်များ ဖြစ်ပါသည်။ အာမခံဝယ်ယူသူသည် မိမိလိုအပ်သော အာမခံထားငွေနှင့် ပေါ်လစီသက်တမ်းတို့ကိုလည်း ကြိုက်နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ပါသည်။
- **အလွယ်တကူ အပြောင်းအလဲ ပြုလုပ်နိုင်ခြင်း**
  မိမိရဲ့ငွေကြေးလိုအပ်မှု၊ စုဆောင်းမှုတို့အပေါ် မူတည်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော အသက်အာမခံ အကာအကွယ်နှင့် အလားအလာကောင်းသော ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ရရှိလိုသူများအတွက် ဘဝတစ်သက်တာလုံး အကာအကွယ်ရရှိထားမည့် အာမခံဖြစ်ပါသည်။ အာမခံဝယ်ယူသူမှ မိမိပေးသွင်းရန် အဆင်ပြေသော ပရီမီယံနှင့် ရရှိလိုသော အကျိုးခံစားခွင့်များကို ချိန်ညှိနိုင်ပါသည်။

## အာမခံထားရှိရန်အတွက်လိုအပ်သည့်အချက်များ

### အသက်အာမခံထားသူ၏ အသက်အပိုင်းအခြား

- အခြေခံပေါ်လစီ – အသက် (၁) နှစ်မှ (၆၅)နှစ်အထိ
  (ထားရှိနိုင်သော အကြီးဆုံး အသက်အပိုင်းအခြား – ၈၅ နှစ်)
- ထပ်တိုးအကျိုးခံစားခွင့်ပေါ်လစီ – အသက် (၁၈) နှစ်မှ (၆၀)နှစ်အထိ
  (ထားရှိနိုင်သော အကြီးဆုံး အသက်အပိုင်းအခြား – ၆၅ နှစ်)

### ပေါ်လစီသက်တမ်း

- (၁၀) နှစ်မှ (၅၀) နှစ်
  (အသက်အာမခံထားသူ၏ အများဆုံးနှစ်စေ့ အသက်ပေါ်မူတည်၍)

### ပရီမီယံသက်တမ်း

- (၁၀) နှစ်မှ (၅၀) နှစ်
  (အသက်အာမခံထားသူ၏ အများဆုံးနှစ်စေ့ အသက်ပေါ်မူတည်၍)
  မဖြစ်မနေပေးသွင်းရမည့်ကာလ – ပထမဦးဆုံး (၄) နှစ်

## အာမခံထားငွေ

- အခြေခံပေါ်လစီ အာမခံထားငွေ – နှစ်စဉ် Target Premium × အာမခံထားငွေဆတိုးကိန်း ထပ်တိုးအကျိုးခံစားခွင့် ပေါ်လစီများ
- ထပ်တိုးအကျိုးခံစားခွင့် ပေါ်လစီ – အနည်းဆုံး ကျပ် သိန်း (၅၀) မှစ၍
  (အာမခံ လက်ခံဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ပေါ်မူတည်၍ အများဆုံးအာမခံထားငွေကို သတ်မှတ်နိုင်သည်။)


**ရွေးချယ်နိုင်သောအာမခံထားငွေ ဆတိုးကိန်းများ**

| အသက်အာမခံထားသူ နောင်ပြည့်မည့်အသက် | အနည်းဆုံး ဆတိုးကိန်း | အများဆုံး ဆတိုးကိန်း | ပုံသေ ဆတိုးကိန်း |
|---|---|---|---|
| ၁ – ၁၉ | ၆၀ | ၁၅၀ | ၇၅ |
| ၂၀ – ၂၉ | ၅၅ | ၁၄၀ | ၇၀ – ၇၅ |
| ၃၀ – ၃၄ | ၄၅ | ၁၂၀ | ၆၀ |
| ၃၅ – ၃၉ | ၃၅ | ၁၀၀ | ၅၀ |
| ၄၀ – ၄၄ | ၂၅ | ၇၀ | ၃၅ |
| ၄၅ – ၄၉ | ၂၀ | ၅၀ | ၂၅ |
| ၅၀ – ၅၄ | ၁၅ | ၄၀ | ၂၀ |
| ၅၅ နှင့်အထက် | ၅ – ၇.၅ | ၁၀ – ၂၀ | ၇.၅ – ၁၀ |

## နှစ်စဉ် Target Premium

- ၁၅၀,၀၀၀ ကျပ်မှ စ၍

## ရေရှည်ကာကွယ်မှုနှင့် စုဆောင်းငွေများတိုးပွားလာနိုင်ခြင်း




## အာမခံဆိုင်ရာ စကားလုံး အဓိပ္ပာယ်များ

### ပရီမီယံများ (Premium)

ပရီမီယံတွင် Target Premium နှင့် Excess Premium ဟူ၍ နှစ်မျိုးရှိသည် –

***Target Premium:*** အသက်အာမခံထားသူ၏ အသက်၊ ကျား/မနှင့် အာမခံထားငွေအပေါ် မူတည်၍ အာမခံဝယ်ယူသူမှ ပေးသွင်းရမည့် အကာအကွယ်ပေး ပရီမီယံ။

***Excess Premium:*** Target Premium ထက် ကျော်လွန်၍ အာမခံဝယ်ယူသူမှ ပေးသွင်းနိုင်သော ငွေစုပရီမီယံ။

Exess Premium ကို ပုံမှန် ပေးသွင်းနိုင်သကဲ့သို့ အလျဉ်းသင့်သလိုလည်း ပေးသွင်းနိုင်ပါသည်။

### ခွဲဝေလိုက်သောပရီမီယံ (Allocated Premium)

Allocation Charge ကို နုတ်ယူပြီးနောက် အတိုးရရှိရန်နှင့် Policy Account Value တိုးပွားလာစေရန် ထည့်သွင်းသော ပရီမီယံ အချိုးအစား။

### ပေါ်လစီငွေကြေးတန်ဖိုး (Policy Account Value (PAV))

အခကြေးငွေများနှင့် အသုံးစရိတ်များကို နုတ်ယူပြီးနောက် အတိုးနှင့်တကွ ထည့်သွင်းလိုက်သော ပရီမီယံများမှ တိုးပွားလာသော ပမာဏ။

### အာမခံအကာအကွယ်အတွက် ပေးချေရမည့် အခကြေးငွေ (Cost of Insurance (COI))

အာမခံအကာအကွယ်ပေးရန် Policy Account Value ထဲမှ လစဉ် နုတ်ယူသောအခကြေးငွေ။

### ပေါ်လစီ စီမံခန့်ခွဲမှုအတွက် ကုန်ကျစရိတ် (Admin Fee)

ပေါ်လစီအား စီမံခန့်ခွဲရန် Policy Account Value ထဲမှ လစဉ် နုတ်ယူသောအခကြေးငွေ။

### ပရီမီယံ ပုံမှန်ပေးသွင်းမှုအတွက် ရရှိသောဆုငွေ (Loyalty Bonus)

ပရီမီယံများကို အချိန်မီပေးသွင်းပါက Policy Account Value ထဲသို့ ထည့်သွင်းပေးမည့် အပိုထပ်ဆောင်းပမာဏ။

### ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိသောအကျိုးအမြတ် (Crediting Interest)

Daiichi Life က ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိသော အကျိုးအမြတ်များကို Policy Account Value ထဲသို့ ထည့်သွင်းပေးမည်ဖြစ်သည်။

Crediting interest rate သည် Daiichi Life မှ အာမခံပေးသောနှုန်းထက် မလျော့နည်းဘဲ ရရှိပါမည်။

### ပြန်အမ်းငွေထုတ်ယူခြင်းနှင့် တစ်စိတ်တစ်ပိုင်း ငွေထုတ်ယူခြင်း (Surrender & Partial Withdrawal Charge)

ပေါ်လစီတစ်ခုလုံးမှ ပြန်အမ်းငွေ ထုတ်ယူလျှင် (သို့) ပမာဏအချို့အား ထုတ်ယူလျှင် နုတ်ယူမည့် အခကြေးငွေ။

### ပေါ်လစီချေးငွေ (Policy Loan)

အာမခံဝယ်ယူသူမှ Policy Account Value မှ ပေါ်လစီချေးငွေအဖြစ် တောင်းဆိုနိုင်သည်။

# ပြီးပြည့်စုံသော ကာကွယ်မှုရရှိစေမည့် အကျိုးခံစားခွင့်များ

### အခြေခံပေါ်လစီ

အာမခံဝယ်ယူသူသည် မိမိနှစ်သက်ရာ အကျိုးခံစားခွင့် အကာအကွယ်ကို ရွေးချယ်ဝယ်ယူနိုင်ပါသည်။

### *Option 1: Level Benefit Option*

ပေါ်လစီ တည်မြဲနေစဉ်ကာလအတွင်း အသက်အာမခံထားသူ သေဆုံးခဲ့လျှင် (သို့မဟုတ်) ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင် အာမခံထားငွေ (သို့မဟုတ်) PAV နှစ်ခုအနက် ပို၍များသော ပမာဏကို ပေးအပ်မည် ဖြစ်ပါသည်။

### *Option 2: Increasing Benefit Option*

ပေါ်လစီ တည်မြဲနေစဉ်ကာလအတွင်း အသက်အာမခံထားသူ သေဆုံးခဲ့လျှင် (သို့မဟုတ်) ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင် အာမခံထားငွေနှင့် PAV ပမာဏနှစ်ခုပေါင်းကို ပေးအပ်မည်ဖြစ်ပါသည်။

## အခြေခံပေါ်လစီအပေါ်တွင် ပူးတွဲဝယ်ယူနိုင်သော ထပ်တိုးအကျိုးခံစားခွင့် (၃) မျိုးမှာ

### (၁) ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့်

ပြင်းထန်သောရောဂါဖြစ်မှု အကျိုးခံစားခွင့်ဆိုသည်မှာ အခြေခံပေါ်လစီပေါ်တွင် ထပ်မံရွေးချယ်ဝယ်ယူနိုင်သော ထပ်တိုးအကျိုးခံစားခွင့် အကာအကွယ် တစ်ခုဖြစ်ပါသည်။

- ကနဦးအဆင့်ရှိ ပြင်းထန်သော ရောဂါအခြေအနေတစ်ခုကို စစ်ဆေးတွေ့ရှိပါက အာမခံထားငွေ၏ ၂၅% ကို ပေးအပ်ပါမည်။
- နောင်းပိုင်းအဆင့်ရှိ ပြင်းထန်သော ရောဂါအခြေအနေတစ်ခုခုကို စစ်ဆေးတွေ့ရှိပါက အာမခံထားငွေ၏ ၁၀၀% မှ ကနဦးအဆင့် ဖြစ်ပွားသည့် ပြင်းထန်သောရောဂါဖြစ်မှုအတွက် ထုတ်ပေးခဲ့သော အကျိုးခံစားခွင့်ကို နုတ်ယူပြီး ကျန်ပမာဏကို ပေးအပ်ပါမည်။

| ကနဦးအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အခြေအနေများ |
|---|
| မူလနေရာမှ အခြားသို့မပြန့်ဘဲ ရှိနေသေးသည့် ကင်ဆာ |
| ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ၏ ကနဦးအဆင့်ကင်ဆာ |
| နှလုံးသွေးကြောချဲ့ကုသခြင်း |
| အဆုတ်အား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း |
| အသည်းတစ်စိတ်တစ်ပိုင်းအား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း |
| ကျောက်ကပ်တစ်ဖက်အား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း |
| ဦးနှောက်သွေးကြောဖောင်းခြင်းအတွက် ခွဲစိတ်ကုသခြင်း |
| ဦးနှောက်အတွင်း သွေးကြောလမ်းလွှဲကုသခြင်း |

| နှောင်းပိုင်းအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အခြေအနေများ |
|---|
| ပြင်းထန်သော ကင်ဆာ |
| အတိုင်းအတာတစ်ခုထိ ပြင်းထန်သော ရုတ်တရက်နှလုံးရောဂါ |
| လေဖြတ်ခြင်းနှင့်အတူ ထာဝရ အာရုံကြော ချို့တဲ့မှု |
| နှလုံးသွေးကြော လမ်းလွှဲခွဲစိတ်ကုသမှု |
| ဦးနှောက်ခွဲစိတ်ကုသခြင်း |
| နှောင်းပိုင်းအဆင့်ရှိ အဆုတ်ပျက်စီးမှု |
| နှောင်းပိုင်းအဆင့်ရှိ အသည်းပျက်စီးမှု |
| နှောင်းပိုင်းအဆင့်ရှိ ကျောက်ကပ်ပျက်စီးမှု |

ကနဦးအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အခြေအနေများအတွက် ရက်ပေါင်း (၁၂၀) နှင့် နှောင်းပိုင်းအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အခြေအနေများအတွက် ရက်ပေါင်း (၉၀) ကို စောင့်ဆိုင်းကာလအဖြစ် သတ်မှတ်ပါသည်။

## (၂) မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု / ထာဝစဉ်မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်

မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု/ ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အခြေခံပေါ်လစီပေါ်တွင် ထပ်တိုးအကာအကွယ်အဖြစ် ဝယ်ယူခဲ့ပါက အာမခံထားငွေ၏ ၁၀၀% ကို အပိုထပ်ဆောင်း ပေးအပ်ပါမည်။

## (၃) ဆေးရုံတက်ရောက်မှု အကျိုးခံစားခွင့်

ဆေးရုံတက်ရောက်မှု အကျိုးခံစားခွင့် ဆိုသည်မှာ အခြေခံပေါ်လစီပေါ်တွင် ထပ်မံရွေးချယ်ဝယ်ယူနိုင်သော ကျန်းမာရေးဆိုင်ရာ ထပ်တိုးအကျိုးခံစားခွင့် အကာအကွယ် တစ်ခုဖြစ်ပါသည်။

တစ်ယူနစ်အတွက် ပေးအပ်မည့် အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- ပုံမှန် ဆေးရုံတက်ကုသမှုအတွက် တစ်ရက်လျှင် ကျပ် ၂၀,၀၀၀ အထိ
- အထူးကြပ်မတ်ကုသဆောင်တွင် ဆေးရုံတက်ကုသမှုအတွက် တစ်ရက်လျှင် ကျပ် ၄၀,၀၀၀ အထိ

အာမခံထားသူအတွက် နေ့စဉ်ဆေးရုံတက် အကျိုးခံစားခွင့် (၁) ယူနစ်မှ ယူနစ် (၂၀) အထိ ဝယ်ယူနိုင်ပါသည်။

# ငွေကြေးတိုးပွားလာစေမှုနှင့် အာမခံပေါ်လစီအကျိုးခံစားခွင့်များ

**Bonuses**

## (၁) ကျန်းမာရေး ဆေးစစ်မှု အပိုဆု (စုစုပေါင်း ၂၀% အထိ)

ပေါ်လစီနှစ် (၃) နှစ်မြောက်မှစ၍ (၁၂)နှစ်မြောက်ကြိမ်ထိ ပေါ်လစီနှစ် (၃)နှစ်ပြည့်တိုင်း ပေါ်လစီ နှစ်ပတ်လည်နေ့မှ ရက်ပေါင်း (၃၀)အတွင်း
အသက်အာမခံထားသူ၏ ကျန်းမာရေးဆေးစစ်မှု ပြီးစီးကြောင်း တင်ပြလျှင် (အာမခံပေါ်လစီ စတင်သည့်အချိန်ရှိ) အခြေခံပေါ်လစီ အာမခံထားငွေသည် (၅%) စီ တိုးမည်ဖြစ်သည်။

**လိမ္မော်ရောင် – ဆေးစစ်ချက်များကို Daiichi Life သို့ ပေးပို့ပြီးနောက် အပိုဆုရယူနိုင်မည့်နှစ်များ**

| ပေါ်လစီနှစ် | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၀ | ၁ | ၂ | **၃** | ၄ | ၅ | **၆** | ၇ | ၈ | **၉** | ၁၀ | ၁၁ | **၁၂** | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ... | ၅၀ |

## (၂) ပရီမီယံ ပုံမှန်ပေးသွင်းမှုအတွက် ရရှိသောဆုငွေ

ပေါ်လစီနှစ်ကာလတစ်ခုစီအတွက် Target Premiums များကို ၈၀% မှ ၁၀၀ % အထိ ပေးသွင်းပါက Loyalty Bonus ကို PAV ထဲသို့ ပေါ်လစီနှစ် (၅) နှစ်မြောက်မှ စ၍ (၂၀) နှစ်မြောက်အကြိမ်ထိ
(၅)နှစ် တစ်ကြိမ် Bonus တွက်ချက်သည့်နှစ်၏ နှစ်ကုန်တွင် အလိုအလျောက် တွက်ချက်၍ ထည့်သွင်းပေးမည် ဖြစ်ပါသည်။

**လိမ္မော်ရောင် – အပိုဆု ပြန်လည်ရရှိနိုင်မည့်နှစ်များ**

| ပေါ်လစီနှစ် | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၀ | ၁ | ၂ | ၃ | ၄ | **၅** | ၆ | ၇ | ၈ | ၉ | **၁၀** | ၁၁ | ၁၂ | ၁၃ | ၁၄ | **၁၅** | ၁၆ | ၁၇ | ၁၈ | ၁၉ | **၂၀** | ... | ၅၀ |

### (၃)ဆေးလိပ်မသောက်သူများအတွက် အပိုဆု

ဆေးလိပ် မသောက်သောသူများအတွက်( အသက် ၁၈ နှစ်မှ စ၍) အခြေခံပေါ်လစီ၏ အာမခံထားငွေကို ၁၀% အပိုထပ်ဆောင်း၍ ပေးအပ်မည် ဖြစ်သည်။

၎င်းအပိုထပ်ဆောင်း ငွေပမာဏကို အသက်အာမခံထားသူ သေဆုံးမှုဖြစ်ပေါ်သောအခါတွင်သာ သေဆုံးမှုအကျိုးခံစားခွင့် အပိုထပ်ဆောင်းပမာဏအဖြစ် ပေးအပ်မည်ဖြစ်သည်။

## အာမခံပေါ်လစီ အကျိုးခံစားခွင့်များ

### နှစ်စေ့အကျိုးခံစားခွင့်

အာမခံပေါ်လစီ သက်တမ်းစေ့သည့်အခါတွင် အသက်အာမခံထားသူ သက်ရှိထင်ရှားရှိသေးပါက ထိုအချိန်ရှိ Policy Account Value ကို ပေးအပ်ပါမည်။

### ပြန်အပ်ငွေ အကျိုးခံစားခွင့်

အာမခံဝယ်ယူသူသည် ပေါ်လစီပြန်အပ်ငွေကို အချိန်မရွေးတောင်းဆိုခွင့်ရှိပြီး Surrender Charge ကို နုတ်ယူပြီးနောက် Policy Account Value ထဲတွင်ကျန်ရှိနေသောပမာဏကို ရယူနိုင်ပါသည်။

### ပေါ်လစီချေးငွေ

ပေါ်လစီနှစ် (၅) နှစ်မြောက်မှ စတင်၍ အာမခံဝယ်ယူသူသည် Policy Account Value မှ ပမာဏအချို့ကို ပေါ်လစီချေးငွေအဖြစ် ချေးယူနိုင်ပါသည်။

### ပမာဏအချို့ထုတ်ယူခြင်း

ပေါ်လစီနှစ် (၅) နှစ်မြောက်မှ စတင်၍ အာမခံဝယ်ယူသူသည် Policy Account Value မှ ပမာဏအချို့ကို ထုတ်ယူသုံးစွဲခွင့်ရှိသည်။

### အတိုးနှုန်း


အတိုးများကို Policy Account Value ထဲသို့ ထည့်သွင်းပေးမည် ဖြစ်ပါသည်။

| ပေါ်လစီနှစ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇+ |
|---|---|---|---|---|---|---|---|
| အာမခံပေးသော နှစ်စဉ်အတိုးနှုန်းထား<br>(Annual guaranteed crediting interest rate) | ၄.၀% | ၃.၅% | ၃.၀% | ၂.၅% | ၂.၀% | ၁.၅% | ၁.၀% |

# Daiichi LifeCARE Benefits Illustration  (25 Year Policy Term)

အသက် (၄၀) နှစ်အရွယ်ရှိ ဦးအေးသည် ၂၅ နှစ် ပေါ်လစီသက်တမ်း ရှိသည့် Daiichi LifeCARE အသက်အာမခံပေါ်လစီကို ထပ်တိုးအကျိုးခံစားခွင့် (၃) မျိုးနှင့်အတူ ဝယ်ယူပါသည်။
စုစုပေါင်း ပေးသွင်းရမည့်ပရီမီယံမှာ ၂,၉၇၄,၀၀၀ ကျပ်ဖြစ်သည်။

| | အခြေခံအကျိုးခံစားခွင့် | မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု / ထာဝစဉ်မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့် | ပြင်းထန်သော ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ဆေးရုံတက်ရောက်မှု အကျိုးခံစားခွင့် |
|---|---|---|---|---|
| Annual Premium (MMK) | ၂,၀၀၀,၀၀၀ | ၅၉၇,၀၀၀ | ၇၅,၀၀၀ | ၃၀၂,၀၀၀ |
| Sum Insured (MMK) | ၇၀,၀၀၀,၀၀၀ | ၃၀,၀၀၀,၀၀၀ | ၃၀,၀၀၀,၀၀၀ | ၁၀ ယူနစ် |






# မေးလေ့မေးထရှိသော မေးခွန်းများ

## ၁။ ဘယ်လို အာမခံထားငွေပမာဏ (Sum Insured) ရွေးချယ်နိုင်ပါသလဲ။

အနည်းဆုံးနှင့် အများဆုံး သတ်မှတ်ချက်များအတွင်းရှိ အာမခံထားငွေပမာဏများထဲမှ ရွေးချယ်နိုင်ပါသည်။
အတိအကျ ပမာဏမှာ သင်၏ အသက်အရွယ်၊ ရွေးချယ်ထားသော ပေါ်လစီကာလနှင့် ပရီမီယံငွေပမာဏတို့အပေါ် မူတည်ပါသည်။

## ၂။ ပေါ်လစီ စတင်အသက်ဝင်ပြီးနောက် ပြောင်းလဲမှုများ ပြုလုပ်နိုင်ပါသလား။

Daiichi LifeCARE တွင် အောက်ပါအတိုင်း ပြောင်းလွယ်ပြင်လွယ် ရွေးချယ်စရာများ ရှိပါသည်။

- ပေါ်လစီအကောင့်တန်ဖိုးမှ ပမာဏအချို့ ထုတ်ယူနိုင်ခြင်း
- ပရီမီယံငွေ ထပ်တိုးပေးနိုင်ခြင်း (Premium Top-Up)
- ပရီမီယံငွေပေးသွင်းမှု ခဏရပ်နားနိုင်ခြင်း (Premium Holiday)
- ဘဝပန်းတိုင်များအတွက် အာမခံငွေပမာဏ တိုးမြှင့်နိုင်ခြင်း

## ၃။ "အခြား ဘောနပ်စ်များ" ဆိုသည်မှာ အဘယ်အရာများလဲ။

- ဆေးလိပ်မသောက်သူများအတွက် အပိုဆု ၁၀%
- ဆေးစစ်စာရွက်စာတမ်းများ တင်ပြထားမှုအပေါ် မူတည်၍ ကျန်းမာရေးဆေးစစ်မှု ဘောနပ်စ် အများဆုံး ၂၀% အထိ

## ၄။ ပရီမီယံငွေ ပေးချေခြင်းကို လုံးဝရပ်နားလိုက်ပါက ဘာဖြစ်မလဲ။

ပရီမီယံငွေကို ပြည့်စုံစွာ (၃) နှစ် ပေးချေပြီးနောက် သင်၏ပေါ်လစီတွင် Surrender Value ရရှိလာပါမည်။
ထို့နောက် ပေါ်လစီကို ဖျက်သိမ်းပြီး Surrender Value လက်ခံရယူနိုင်ပါမည်။



## ၅။ ပရီမီယံကြေး ပေးသွင်းရန် မေ့လျော့ပါက မည်သို့ ဖြစ်ပါသလဲ။

ပရီမီယံကြေးပေးသွင်းရန် မေ့လျော့ပါက Grace Period ရက်ပေါင်း (၆၀) အတွင်း ပေါ်လစီသည် အသက်ဝင်နေမည် ဖြစ်ပါသည်။ သို့သော် အာမခံတောင်းဆိုမှု ဖြစ်ပေါ်လာပါက ပေးချေရန် ကျန်ရှိနေသည့် ပရီမီယံကြေးများကို ပေးဆောင်ရမည် ဖြစ်ပါသည်။

## ၆။ "Free-look Period" ဆိုသည်မှာ အဘယ်နည်း။

ပေါ်လစီ ထုတ်ပေးသည့်နေ့မှစ၍ (၂၁) ရက်အတွင်း ပေါ်လစီကို ပြန်လည်စစ်ဆေးကြည့်ရှုနိုင်ပါသည်။ ဤကာလအတွင်း ပေါ်လစီအား ပယ်ဖျက်နိုင်ပြီး အာမခံတောင်းဆိုမှု မပြုလုပ်ရသေးပါက ဆေးစစ်ဆေးမှု ကုန်ကျစရိတ်များကို နုတ်ယူပြီးနောက် ပေးဆောင်ပြီးသား အာမခံကြေးအားလုံးကို ပြန်လည်ရရှိမည် ဖြစ်ပါသည်။

## ၇။ ဝယ်ယူထားသော ပေါ်လစီတွင် မည်သည့်အရာများ မပါဝင်ပါသလဲ။

ဝယ်ယူထားသောပေါ်လစီတွင် အောက်ပါအကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာသော အဖြစ်အပျက်များ အကျုံးမဝင်ပါ –

- မိမိကိုယ်ကို သေကြောင်းကြံခြင်း (သို့မဟုတ်) ရည်ရွယ်ချက်ရှိရှိ ကိုယ့်ကိုယ်ကိုယ် ထိခိုက်စေခြင်း (ပထမ (၂) နှစ်အတွင်း)
- ရောဂါများ၊ နာမကျန်းမှုများ (သို့မဟုတ်) ပေါ်လစီမစတင်မီ ရှိပြီးသားရောဂါများ
- စစ်ပွဲ၊ အကြမ်းဖက်မှု (သို့မဟုတ်) ဥပဒေမဲ့ လုပ်ရပ်များတွင် ပါဝင်မှု
- မူးယစ်ဆေးဝါး (သို့မဟုတ်) အရက်သေစာ အလွဲသုံးစားမှု
- အန္တရာယ်မြင့် အားကစားများ (ဥပမာ – ရေငုပ်ခြင်း၊ တောင်တက်ခြင်း၊ ပြိုင်ကားမောင်းခြင်း)
- ကိုယ်ဝန်ဆောင်ခြင်း (သို့မဟုတ်) မွေးဖွားခြင်း
- စိတ်ပိုင်းဆိုင်ရာ ရောဂါများ
- ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာနှင့် တိုက်ရိုက်မသက်ဆိုင်သော မတော်တဆမှု မဟုတ်သည့် အကြောင်းရင်းများ

**၈။ ပေးသွင်းထားသော ပရီမီယံများအတွက် အခွန်သက်သာခွင့်ရရှိနိုင်ပါသလား။**

ပေးသွင်းထားသော ပရီမီယံများအားလုံးအတွက် အခွန်ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်ဦးချင်း ဝင်ငွေခွန်သက်သာခွင့် အကျိုးခံစားခွင့်ရရှိနိုင်မှာ ဖြစ်ပါသည်။

**၉။ အကျိုးခံစားခွင့်ဝန်ဆောင်မှုကို မည်သို့ရယူနိုင်မည်နည်း။**

အကျိုးခံစားခွင့်ဝန်ဆောင်မှုအတွက် လူကြီးမင်း၏ အသက်အာမခံအကြံပေးမန်နေဂျာသို့ တိုက်ရိုက်ဆက်သွယ်၍သော်လည်းကောင်း (သို့မဟုတ်)

ကျွန်တော်တို့ Customer Service Team +၉၅ ၉ ၈၈၀ ၄၄၃ ၀၀၃ သို့လည်း ဆက်သွယ်နိုင်ပါတယ်။

မျှော်လင့်မထားတဲ့ ဘဝအလှည့်အပြောင်းတွေတိုင်းမှာ ကျွန်တော်တို့ ဒိုင်အိချိက လူကြီးမင်းနဲ့ အမြဲအတူရှိနေမှာပါ။

**၁၀။ အသက်အာမခံထားရှိသူသည် မြန်မာနိုင်ငံပြင်ပတွင် နေထိုင်ရန် စီစဉ်ထားပါက မည်သို့ ဖြစ်ပါသလဲ။**

အသက်အာမခံထားရှိသူသည် မြန်မာနိုင်ငံပြင်ပတွင် ဆက်တိုက် (၃)လထက်ပို နေထိုင်ရန်ရည်ရွယ်ထားပါက ရည်ရွယ်ထားသည့်နေ့မှ (၃၀) ရက်အတွင်း Daiichi Life သို့ စာဖြင့် အသိပေးရပါမည်။

အန္တရာယ်အကဲဖြတ်မှုအပေါ် မူတည်၍ Daiichi Life သည် ပေါ်လစီကို ဆက်လက်ထားရှိခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ပြီး ပေါ်လစီပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ပါမည်။

Daiichi
LifeCARE



ဒိုင်အိချီနဲ့ ဘဝကို စိတ်ကြိုက်ပုံဖော်လိုက်ပါ

## Daiichi Life Myanmar အကြောင်း

**Daiichi Life Myanmar** သည် ဂျပန်နိုင်ငံရှိ ထိပ်တန်းအသက်အာမခံကုမ္ပဏီဖြစ်သည့် **Daiichi Life Group** ၏ ကုမ္ပဏီခွဲတစ်ခု ဖြစ်ပါသည်။ **Daiichi Life Group** သည် နှစ်ပေါင်း (၁၂၀) ကျော်ကြာ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံပေါင်း (၉) နိုင်ငံမှ customer များနှင့် သူတို့၏မိသားစုဝင်များအတွက် အသက်အာမခံဝန်ဆောင်မှုများနှင့် အနာဂတ်အတွက် အာမခံချက်ရှိသည့် ငွေကြေးဆိုင်ရာ အကာအကွယ် ရရှိစေသည့် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

၂၀၁၉ ခုနှစ်တွင် **Daiichi Life Myanmar** သည် မြန်မာနိုင်ငံရှိ ပြည်သူများအတွက်လည်း ကမ္ဘာ့ အဆင့်မီ အသက်အာမခံဝန်ဆောင်မှုအား ပေးဆောင်နိုင်ရန် တရားဝင်လုပ်ငန်းလိုင်စင်ကို ရရှိခဲ့ပါသည်။ **“Customer First”** ဟူသည့် ခံယူချက်အတိုင်း မြန်မာနိုင်ငံရှိ ကျွန်တော်တို့၏ အသက်အာမခံလုပ်ငန်းကိုလည်း ပြည်တွင်းနှင့် နိုင်ငံတကာအဆင့်မီ ဝန်ထမ်းများနှင့်အတူ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် ကျန်းမာပျော်ရွှင် စိတ်အေးချမ်းရခြင်းတို့ကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါသည်။


Daiichi Life Insurance Myanmar Ltd.

**Phone:** +95 9 880 443 003

**Email:** customercare@daiichilife.com.mm

**Website:** www.daiichilife.com.mm


000010-001-202602